16th Mar 2016
Issue 9

# NEWSLETTER



## "နိုင်ငံတော်သမ္မတအဖြစ် ဦးထင်ကျော်အား ရွေးချယ်တင်မြှောက်"




As well as being a writer himself, Htin Kyaw is the son of a national poet and the son-in-law of a founder of the pro-democracy movement

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက် ပွဲအစီအစဉ်ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော်၌ ကျင်းပရာ ရွေးကောက်ခံပြည်သူ့ လွှတ်တော်ကိုယ် စားလှယ်များ အစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် တင်မြှောက်ထားသည့် ဦးထင်ကျော်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

`နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်မှုကို နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များက ဆန္ဒမဲ လက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲ ပေးရွေးချယ်ခဲ့ကြရာ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယ သမ္မတအဖြစ် တင်မြှောက်ထားသည့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထင်ကျော်က ထောက်ခံဆန္ဒမဲ ၃၆၀ ဖြင့် အများဆုံး ရရှိပြီး ရွေးချယ်တင်မြှောက်ခံရခြင်း ဖြစ်သည်။

ထိုသို့ ဆန္ဒမဲပေးရာတွင် မဲပေးပိုင်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၆၅၃ ဦးအနက် တစ်ဦးခွင့်တိုင်ကြား ခဲ့သဖြင့် ၆၅၂ ဦးတို့က ဆန္ဒမဲပေးခဲ့ကြရာ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတ အဖြစ် တင်မြှောက်ထားသည့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထင်ကျော်က ထောက်ခံဆန္ဒမဲ ၃၆၀ ဖြင့်လည်းကောင်း၊ ရွေးကောက်ခံအမျိုးသား လွှတ်တော် ကိုယ်စားလှယ်များအစု အဖွဲ့မှ ဒုတိယသမ္မတအဖြစ် တင်မြှောက်ထားသည့် ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ် (၃) မှ ဦးဟင်နရီဗန်ထီးယူက ထောက်ခံဆန္ဒမဲ ၇၉ မဲဖြင့်လည်း ကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် တင်မြှောက်ထားသည့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ထောက်ခံဆန္ဒမဲ၂၁၃ မဲဖြင့်လည်းကောင်း အသီးသီးရရှိခဲ့ကြသည်။ ယခုရွေးချယ်တင်မြှောက်ခံရသည့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပြီးနောက် နိုင်ငံတော် သမ္မတနှင့် ဒုတိယသမ္မတတာဝန်များကို လွှဲပြောင်းထမ်းဆောင်ကြမည်ဖြစ်သည်။

*Ref: The Global News light of Myanmar*

# NLD ကဝန်ကြီးဌာနများအရေအတွက်ကို လျှော့ချမည်ဟု ပြောဆိုလိုက်ခြင်း

ယခုလကုန်တွင် တာဝန်လွှဲပြောင်းယူသောအခါတွင် ဝန်ကြီးဌာနများအရေအတွက်ကို ၃၆ မှ ၂၃ အထိ လျှော့ချသွားမည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က ပြောသည်ဟု ဆင်ဟွာသတင်းဌာနအဆိုအရ သိရပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ပြည်သူ့ဏ္ဍာတွင် လုပ်ကိုင်နေသူ ဝန်ထမ်းများအား လျှော့ချသွား မည်မဟုတ်ဘဲ အချို့ဝန်ကြီးဌာနများကို အခြားဝန်ကြီးဌာနများထဲသို့ သွတ်သွင်းဖွဲ့စည်းသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် NLD က တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခု တို့၏ ဝန်ကြီးချုပ်များကို NLD အဖွဲ့ဝင်များကိုသာ ခန့်ထားသွားမည်ဟု ဆိုပါသည်။ ဤဆုံးဖြတ်ချက်သည် တိုင်းရင်းသားလူမျိုးစုများနှင့် တင်းမာမှုများ ပေါ်ပေါက်လာနိုင်ပါသည်။ NLD သည် ပြီးခဲ့သော နိုဝင်ဘာလ ရွေးကောက်ပွဲတွင် ပွဲတင်ခတ်မျှ အနိုင်ရရှိခဲ့သော်လည်း ရခိုင်နှင့် ရှမ်းပြည်နယ်တို့တွင် အများစုအနိုင်မရရှိခဲ့ပါ။ ရခိုင်အမျိုးသားပါတီ (ANP) နှင့် ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (SNLD) တို့က တတိယနှင့် စတုတ္ထအဆင့်နေမှ အနိုင်ရရှိခဲ့ရာ ပါတီနှစ်ခုစလုံးက ၎င်းတို့၏ ဒေသများ၏ ဝန်ကြီး ချုပ်ရာထူးကို ရရှိရန်တောင်းဆိုနေကြပါသည်။ သတင်းများအဆိုအရ NLD ပါတီမှ ဝန်ကြီးအဖွဲ့ဝင်နေ ရာများ၏ ၃၀ မှ ၄၀ ရာခိုင်နှုန်းကိုသာယူမည်ဟု သိရပါသည်။ ခန့်မှန်းလေ့လာသူအချို့၏ အဆိုအရ NLD သည် ယခင်အစိုးရအဖွဲ့ဝင်ဟောင်းတချို့ကို ဆက်ဆံရေးကောင်းမွန်စေရန်၊ တပ်နှင့် အဆင်ပြေ စေရန်နှင့် လုပ်ငန်းအတွေ့အကြုံကို အမှီပြုနိုင်ရန်အတွက် နေရာပေးမည်ဟု ယုံကြည်နေကြပါသည်။

# ထွက်ခွာတော့မည့် အစိုးရက အငြင်းပွားဖွယ်စီမံကိန်းများကို ရပ်ဆိုင်းထား

ပြည်တွင်းသတင်းတရပ်အရ ထွက်ခွာတော့မည့်အစိုးရသည် အငြင်းပွားဖွယ်စီမံကိန်း ၆၈ ခုကို ရပ်ဆိုင်းထားကြောင်း သိရပါသည်။ အဆိုပါသတင်းအရ ပြန်ကြားရေးဝန်ကြီးဌာနက မြိတ်-ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံစီမံကိန်းကို ဆက်လက်ဆောင်ရွက်ခွင့်မပြုမီ အစိုးရသစ်က စီစစ်သုံးသပ်သွားရန် ရှိကြောင်း ကြေညာခဲ့ပါသည်။

အခြားရပ်ဆိုင်းထားသော စီမံကိန်းများတွင် မော်ဘီမှ ဓာတုဗေဒပြုပြင်မှု စက်ရုံစီမံကိန်းနှင့် ရှမ်းပြည်နယ်တွင် အထူးစီးပွားရေးဇုန် စီမံကိန်း တစ်ခုတို့ ပါဝင်ပါသည်။ ဤကြေညာချက်မှာ အမျိုးသားလွှတ်တော် အမတ်များက ဧပြီလ ၁ ရက်နေ့ အစိုးရသစ်မတက်မီ စီမံကိန်းများကို သုံးသပ်ရန် အဆိုပြုချက်အား အတည်ပြုပြီး နောက်ထွက်ပေါ်လာခြင်းဖြစ်ပါသည်။

ယခင်အမျိုးသားလွှတ်တော် အမတ်ဟောင်းဖြစ်သူ အမျိုးသားဒီမိုကရက်တစ်ပါတီသစ် ဥက္ကဌ ဦးသိန်းညွှန့်က ၂၀၁၅ တွင် ၎င်းတို့ ဒဂုံစီးတီး စီမံကိန်းကို ရပ်ဆိုင်းသွားရန် တောင်းဆိုခဲ့ကြောင်း၊ သို့သော် အစိုးရက ပြည်သူကို ပွင့်လင်းမြင်သာစွာ မကြေညာပဲ ဝန်ကြီးဌာနအသီးသီးမှ မိမိသဘောအလျောက် နားလည်မှု ယူဆောင်ရွက်နေသော စီမံကိန်းအသေးစားများစွာ ရှိနေသေးကြောင်း ပြောပြခဲ့ပါသည်။

*Ref: Thura Swiss*

# ASEAN Free Trade and the Future of Local SMEs



၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ စတင်မည့် အာဆီယံဒေသအတွင်း နိုင်ငံများအကြား လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ သဘောတူညီမှုများနှင့်အတူ ပြည်တွင်းရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ အနာဂတ်အခြေအနေများမှာလည်း စိန်ခေါ်မှုများစွာ ရှိလို့နေပါတယ်။ အဆိုပါသဘောတူညီမှုများကြောင့် အာဆီယံဒေသအတွင်း နိုင်ငံများအကြား လွတ်လပ်စွာကုန်သွယ်မှု ပြုလုပ်လာနိုင်သည်နှင့်အမျှ ဖွံ့ဖြိုးမှုတူညီမှုမရှိသော နိုင်ငံများအနေဖြင့် ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်စွမ်းအား ကုန်ပစ္စည်းအရည်အသွေးပိုင်းဆိုင်ရာများစသည်ဖြင့် စိန်ခေါ်မှုများလည်း ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။

“မြန်မာနိုင်ငံအနေနဲ့ ဒီစနစ်ထဲကို မဝင်ရောက်ခင်ကတည်းက ကိုယ့်နိုင်ငံအတွင်းမှာရှိတဲ့ အသေးစား၊ အလတ်စားလုပ်ငန်းတွေရဲ့ ပြည်တွင်း၊ ပြည်ပဈေးကွက်အခြေအနေတွေကို ကြိုလေ့လာစမ်းစစ်သင့်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်တွင်းက လုပ်ငန်းတွေအနေနဲ့ ဈေးကွက်အရရော ဈေးနှုန်းအရရော အရည်အသွေးပိုင်း ဆိုင်ရာတွေမှာရော ဘယ်လိုမှ ယှဉ်ပြိုင်နိုင်မှာမဟုတ်ဘူး” ဟု စီးပွားရေးနှင့် ဥပဒေပညာရှင် ဦးတင်သန်းဦးက ပြောပါတယ်။

လက်ရှိအချိန်မှာတော့ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်တွင်းရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ အခက်အခဲများဖြစ်ပေါ်မှု မရှိစေဖို့ ကုန်သွယ်မှုလုပ်ငန်းများ ထိန်းချုပ်ပေးနိုင်မည့် (Safe Guard Law) တစ်ခုကို အကောင်အထည်ဖော်နိုင်ဖို့ ဆောင်ရွက်လျက်ရှိနေပါတယ်။ အဆိုပါဥပဒေမှာတော့ ပြည်တွင်းရှိ မူလအသေးစား နှင့် အလတ်စားလုပ်ငန်းများအနေဖြင့် အာဆီယံ လွတ်လပ်သောကုန်သွယ်မှုစနစ်ကြောင့် ဈေးကွက်အရ ယှဉ်ပြိုင်နိုင်မှုမရှိခြင်း၊ ကုန်ထုတ်လုပ်မှုအပိုင်းဆိုင်ရာ သိသာစွာကျဆင်းလာခြင်း၊ နောက်ပိုင်းတွင် လုပ်ငန်းရပ်ဆိုင်းရ မှုများရှိလာပါက အဆိုပါကုန်ပစ္စည်းအား တင်သွင်းမှုကို နှစ်ကာလအပိုင်းအခြားဖြင့် ပိတ်ပင်ခြင်းများ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

Continued to Next Page -

*Continued from Previous Page -*

ယခုအခါ နိုင်ငံတော်အစိုးရ၏ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးများအတွက် ချေးငွေ ထုတ်ပေးမှုအစီအစဉ်များမှာ လက်သိပ်ထိုးဆောင်ရွက်နေမှုများရှိနေပြီး ပွင့်လင်းမြင်သာမှုများမရှိသေးကြောင်း ယခင်အာဆီယံအဖွဲ့အတွင်း မဝင်ရောက်မီက မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များခဲ့ကြောင်း အဆိုပါအဖွဲ့အတွင်းသို့ ဝင်ရောက်ပြီးနောက်ပိုင်းတွင် နိုင်ငံအတွင်းမှ လုပ်သားများ ပြည်ပသို့ ထွက်ခွာသွားမှုများ ပိုမိုများပြားလာခဲ့သည့်အတွက် ကျွမ်းကျင်လုပ်သားရှားပါးမှု ကြုံတွေ့နေရတယ်လို့ ဦးတင်သန်းဦးက သူ၏အမြင်ကို ပြောပါတယ်။

လက်ရှိအချိန်ခါမှာတော့ မြန်မာနိုင်ငံအတွင်းရှိ အသေးစားနှင့်အလတ်စားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ ဖြိုးစေရန် နိုင်ငံတော်အစိုးရမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ချေးငွေများ ထုတ်ပေးကာ ကူညီဆောင် ရွက်မှုများ ပြုလုပ်လျက်ရှိနေသော်လည်း ထိရောက်သောဆောင်ရွက်မှုများ ပြုလုပ်ပေးနိုင်သေးခြင်းမရှိကြောင်း အသေးစားလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ရွှေကြာပွင့်ဖိနပ်လုပ်ငန်းပိုင်ရှင် ဦးတင်ခိုင်က ပြောပါတယ်။

ထို့ပြင် လက်ရှိအချိန်၌ ပြည်တွင်းသို့ အာဆီယံဒေသတွင်းနိုင်ငံများဖြစ်သော အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်းအစရှိသည့်နိုင်ငံများမှ အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းအသင့်အတင့်ရှိသော ခေတ်မီဖိနပ်များ ယခု နှစ်များအတွင်း အများအပြားဝင်ရောက်လာသည့်အပြင် မိုးတွင်းကာလများတွင်လည်း တရုတ်နိုင်ငံမှ ဈေးနှုန်း သက်သာသောဖိနပ်များ ဝင်ရောက်လျက်ရှိနေခြင်းများကြောင့် ပြည်တွင်းရှိ ရိုးရာဖိနပ်လုပ်ငန်းများမှာ မိုးတွင်း ကာလများတွင် ရပ်နားထားနေတယ်လို့ ၎င်းက ပြောပါတယ်။

အဆိုပါဘက်အနေဖြင့်လည်း မြန်မာနိုင်ငံအတွင်းရှိ အသေးစားနှင့်အလတ်စား လုပ်ငန်းပေါင်း တရားဝင် မှတ်ပုံတင်ထားသည့် လုပ်ငန်း ၄၀,၀၀၀ နှင့် မှတ်ပုံတင်ထားခြင်းမရှိသည့်လုပ်ငန်း ၄၀,၀၀၀ ကျော်ရှိသည့်အနက် လုပ်ငန်းပေါင်း ၄၀၀ ကျော်သာ ချေးငွေများ ထုတ်ချေးနိုင်သေးတယ်လို့ ၎င်းက ပြောပါတယ်။

ယခုလို ပြည်တွင်းရှိ အသေးစားလုပ်ငန်းများအနေနဲ့ အာဆီယံလွတ်လပ်သောကုန်သွယ်မှုကြောင့် အခက်အခဲများဖြစ်ပေါ်လာနိုင်သော်လည်း ပြည်တွင်းရှိ အခြေခံပြည်သူအများစုအနေဖြင့် အရည်အသွေး ကောင်းမွန်သော ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သက်သာသာဖြင့် လွယ်ကူစွာ စားသုံးလာနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

*Ref: Myanmar Business Today*

# Kyat's Gain to Subside

လက်ရှိတွင် ပြည်တွင်း၌ ဒေါ်လာငွေနှင့် မြန်မာကျပ်ငွေလဲလှယ်မှုနှုန်းထားများ မတည်ငြိမ်ရခြင်းမှာ ကမ္ဘာ့ဒေါ်လာဈေးနှုန်းများ ပြောင်းလဲမှုနှင့် လတ်တလော မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေများပေါ်တွင် မူတည်နေကြောင်း ကျွမ်းကျင်ပညာရှင်များက Myanmar Business Today ၏ မေးမြန်းမှုအပေါ် သုံးသပ်ပြော ကြားသည်။

"ကမ္ဘာမှာလည်း ဒေါ်လာဈေးက ကျနေတာ။ ပြီးတော့ ရေနံဈေးနှုန်းနဲ့ စတော့ဈေးတွေလည်း ကျနေတာ။ မြန်မာမှာက နိုင်ငံရေးအခြေအနေနဲ့ပတ်သက်ပြီး ကောလာဟလတွေကလည်းရှိနေတာ။ ရောင်းလိုအားနဲ့ ဝယ်လိုအားကရှိနေပြီးတော့ ရောင်းလိုအား များသွားတဲ့ အခြေအနေဖြစ်သွားလို့ပါ။ ဒီပုံစံအတိုင်း ဆိုရင်တော့ ထပ်ပြီးကျသွားဖို့တော့ မတွေ့ရဘူး"ဟု ကမ္ဘောဇဘဏ် အကြီးတန်းအကြံပေး ဦးသန်းလွင်က ပြော သည်။

ဒေါ်လာငွေဈေးနှုန်းပြောင်းလဲမှုမှာ နိုင်ငံတကာတွင်ရှိနေပြီး ယခုအခါ ကျပ်ငွေတန်ဖိုးမြင့်တက်လာခြင်း ကြောင့်လည်း ပါဝင်ပြီး နိုင်ငံ၏ စီးပွားရေးအပေါ် သိသာစွာရိုက်ခတ်နိုင်ခြင်းမရှိကြောင်း၊ သို့သော် ဒေါ်လာနှင့် ကျပ်ငွေလဲလှယ်မှုနှုန်း မြင့်မားစွာကွာခြားခြင်းမရှိစေရန် အတွက် ဗဟိုဘဏ်အနေဖြင့် ဝင်ရောက်ထိန်း ညှိဆောင်ရွက်ပေးသင့်ကြောင်း ၎င်းက ပြောသည်။

"စီးပွားရေးသမားတွေအနေနဲ့ကတော့ ဒီလိုအခြေနေမျိုးကို ကြုံတွေ့နေတာကြာပါပြီ။ အရင်အစိုးရ လက်ထက်တွေထဲက ဖြစ်နေကြတာ။ ဈေးနှုန်းကျတယ်ဆိုပေမယ့် သွင်းကုန်ထုတ်ကုန်လုပ်တဲ့ ကုန်သည်တွေ အနေနဲ့ ဈေးနှုန်းပြန်မချပေးတာတွေရှိနေသေးတယ်" ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် များ အသင်းချုပ် (UMFCCI) ဒုတိယ ဥက္ကဋ္ဌဒေါက်တာမောင်မောင်လေးက ပြောသည်။ ထို့ပြင် လတ်တလော ကမ္ဘာပေါ်၌ ဒေါ်လာငွေတန်ဖိုး အနည်းငယ်ကျဆင်းမှုများရှိနေခြင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေ များတည်ငြိမ်မှုရှိလာခြင်းကြောင့် ဒေါ်လာနှင့် ကျပ်ငွေလဲလှယ်နှုန်းပြောင်းလဲရခြင်းဖြစ်ကြောင်း ၎င်းကပြော သည်။

"ဒေါ်လာငွေတန်ဖိုးအတက်အကျမငြိမ်တော့ ကျွန်တော်တို့ကုန်ပစ္စည်းဝယ်ယူတဲ့အခါတွေမှာ အခက်အခဲဖြစ်ပြီး ပြန်ရောင်းတဲ့အခါ မှာလည်း ဈေးနှုန်းမငြိမ်တော့ အရောင်းဝယ်တွေပါးသွားတယ်" ဟု တမူးနယ်စပ်တွင် ကုန်သွယ်ရေးလုပ်ငန်းလုပ်ကိုင်နေသူ ဦးပင့်ကူက ပြောသည်။

ဒေါ်လာငွေလဲလှယ်မှုနှုန်းထားများမှာ ဇန်နဝါရီလအတွင်း အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁၂၉၉ ကျပ်ရှိခဲ့ရာမှ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် ၁၂၄၈ ကျပ်အထိ ကျဆင်း သွားခဲ့ကြောင်း သိရသည်။

*Ref: Myanmar Business Today*

# World Bank Bullish on Myanmar Growth

မြန်မာနိုင်ငံ၏ စီးပွားရေးသည် ပုံမှန်စျေးနှုန်းများအရ တစ်နှစ်လျှင် ရှစ်ရာခိုင်နှုန်းဝန်းကျင်ဖြင့် လာမည့် ငါးနှစ်အတွင်း လျင်မြန်စွာတိုးတက်လာမည့် အလားအလာများရှိနေကြောင်း လူမှုအသိုင်း အဝိုင်း အားလုံးပါဝင်သည့် ဖွံ့ဖြိုးမှုနှင့် မျှဝေနိုင်သော သာယာဝပြောမှုကို မြှင့်တင်နိုင်မည့် မူဝါဒရေးရာ အကြံပြုစာတမ်းများကို ကမ္ဘာ့ဘဏ်အုပ်စု သတင်းထုတ်ပြန်သည်။ မူဝါဒများကို မှန်ကန်စွာ ချမှတ် ဆောင်ရွက်မည်ဆိုပါက တိုးတက်နေသည့် စီးပွားရေးအခြေအနေသည် မြန်မာနိုင်ငံရှိ ပြည်သူများအား အလုပ်အကိုင်ပိုမိုဖန်တီးပေးနိုင်ပြီး ဝင်ငွေများတိုးတက်စေနိုင်မည်ဟု ကမ္ဘာ့ဘဏ်အုပ်စုက မူဝါဒရေးရာ အကြံပြုချက်စာတမ်းများတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံဟာ နိုင်ငံရေးစီးပွားရေးအသွင် ကူးပြောင်းမှုမှာ သမိုင်းဝင်မှတ်တိုင်တစ်ခုကို ရောက်ရှိနေပါပြီ။ လက်ရှိဖြစ်ပေါ်နေတဲ့ ခိုင်မာအားကောင်းတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေကနေတစ် ဆင့် မြန်မာနိုင်ငံတစ်ပှမ်းမှာ နေထိုင်ကြတဲ့ ပြည်သူတွေရဲ့ဘဝတွေ တိုးတက်လာဖို့ ဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတစ်ရပ်ရှိနေပါတယ်"ဟု ကမ္ဘာ့ဘဏ်၊ အရှေ့တောင်အာရှဆိုင်ရာ ညွှန်ကြားရေးမှူး အူးရစ် ဇက်ခေါင်က ပြောကြားသည်။

ထို့ပြင်လူမှုအသိုင်းအဝိုင်းအားလုံးအကျိုးရှိစေရန် အဓိကမူဝါဒဦးတည်ချက် သုံးရပ်ရှိနေပြီး စီးပွားရေး ဈေးကွက်ပိုမိုဖြစ်ထွန်းလာစေရန် Private စီးပွားရေးကဏ္ဍအတွက် မျှတစွာယှဉ်ပြိုင် လုပ်ကိုင်နိုင်မည့် အခြေအနေတစ်ရပ်ကို ဖန်တီးပေးခြင်းနှင့် ကုန်ထုတ်စွမ်းအား မြင့်မားပြီး အလုပ်အကိုင်းများစွာ ဖန်တီးပေး နိုင်မည့် စီးပွားရေးစနစ်အခြေခံ ပြောင်းလဲမှုများကို ဆောင်ရွက်ခြင်းသည် ပထမဦးတည် ချက်ဖြစ်ပြီး ဒုတိယ ဦးတည်ချက်မှာ နိုင်ငံတစ်ပှမ်းရောက်ရှိနိုင်မည့် ပြည်သူ့ရေးရာဝန်ဆောင်မှု များဖြစ်သည့် အခြေခံပညာရေး၊ ကျန်းမာရေးနဲ့ လျှပ်စစ်ဓာတ်အားစသည်တို့ကို အရည်အသွေးမီစွာ အချိန်နှင့်အမျှ တိုးမြှင့်ဆောင်ရွက် ပေးနိုင်ရန်ဖြစ်ပြီး တတိယဦးတည်ချက်သည် ပြည်သူ့ရေးရာအုပ်ချုပ်မှု ကဏ္ဍတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု ပိုမိုတိုးတက်လာစေရန်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံက အခြားသောဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား ကောင်းတဲ့နိုင်ငံတွေ ဆောင်ရွက်ခဲ့တဲ့ အားလုံးပါဝင်သည့် တိုးတက်မှုလမ်းကြောင်းအတိုင်း လျှောက်လှမ်းနိုင်မယ့် အလား အလားကောင်း တွေ ရှိနေပါတယ်။

*Ref: Myanmar Business Today*

# This Glass Disc Can Store 360 TB Your Photos for 13.8 Billion Years







သိပ္ပံပညာရှင်များသည် နာနိုနည်းပညာဖြင့် ပြုလုပ်ထားပြီး ဒစ်ဂျစ်တယ်အချက်အလက်များကို နှစ်သန်းပေါင်းများစွာကြာ ထိန်းသိမ်းထားနိုင်မည့် မှန်ပြားချပ်များကို တီထွင်လိုက်သည်။

**University of Southampton** မှ သုတေသနပြုလုပ်သူများက 5D ဒစ်ဂျစ်တယ်အချက်အလက်ဟုခေါ်သည့် အဆိုပါမှန်ပြား ချပ်တွင် များပြားသောအချက်အလက်များ မည်သို့သိမ်းဆည်းရမည်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

၎င်းမှန်ပြားချပ်တစ်ခုသည် 360 terabytes (1 terabyte=1024 Gigabytes) ပမာဏကို သိမ်းဆည်းထားနိုင်မည်ဖြစ်ပြီး အမြင့်ဆုံးအပူချိန် ၁၀၀၀ ဒီဂရီစင်တီဂရိတ် (၁၈၃၂ ဒီဂရီဖာရင်ဟိုက်) အထိ ခံနိုင်ရည်အားရှိပြီး အပူချိန် ၁၉၀ ဒီဂရီစင်တီဂရိတ် (၃၇၄ ဒီဂရီဖာရင်ဟိုက်) တွင် နှစ်ပေါင်း ၁၃.၈ ဘီယံကြာမြင့်သည်အထိ သိမ်းဆည်းထားနိုင်မည်ဖြစ်သည်။

*Ref: Myanmar Business Today*

# Land Prices in Kyaukphyu SEZ Shoot Up



ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ သတ်မှတ်ဧရိယာများကို ပြည်တွင်းရှိ လုပ်ငန်းရှင်အချို့ဝယ်ယူမှု ကြောင့် မြေကွက်ဈေးနှုန်းများ အဆမတန်မြင့်တက်နေကြောင်းကျောက်ဖြူမြို့ရှိ အိမ်ခြံမြေလုပ်ငန်း လုပ်ကိုင်နေသူ များထံမှ သိရသည်။

ယင်းကဲ့သို့ လယ်ယာမြေဈေးနှုန်းများ မြင့်တက်မှုမှာ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်းက လယ်ယာမြေ တစ်ဧကလျှင် နေရာဒေသအလိုက် ပျမ်းမျှအားဖြင့် ကျပ်သိန်း ၂၀ မှ ကျပ်သိန်း ၅၀ အထိ ရှိနေပြီး ယခု ဇန်နဝါရီလအတွင်း တစ်ဧကလျှင် ကျပ်သန်း ၄၀ မှ ၈၀ ဂဏန်းကျင်အထိ မြင့်တက်လာပြီး ဝယ်ယူလာသည့် သူအများစုမှာလည်း ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းရှင်အချို့ဖြစ်ကြောင်း သိရသည်။ ရခိုင်ပြည်နယ်အစိုးရ အဖွဲ့မှ တာဝန်ရှိသူများအနေဖြင့်လည်း ယခုကဲ့သို့ လယ်ယာမြေများ ဈေးနှုန်းမြင့် တက်လာခြင်းနှင့် ပတ်သက်ပြီး ဈေးကစားခြင်းများ ပြုလုပ်ခြင်းမရှိစေရန် စောင့်ကြည့်ဆောင်ရွက်သင့် ကြောင်းလည်း ကျောက်ဖြူမြို့နယ်ရှိ စိုးခိုင်အိမ်ခြံမြေဆောက်လုပ်ရေးမှ ဦးသန်းထွန်းက ပြောသည်။

ဦးသန်းထွန်းက "ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို ၂၀၁၆ နှစ် ကုန်ပိုင်းလောက်မှာ စတင် တည်ဆောက်ဖြစ်မယ်လို့ သိရတယ်။ ဒီလိုတွေ တည်ဆောက်မှုမစခင်မှာပဲ စီမံကိန်းသတ်မှတ်ဧရိယာထဲက မြေကွက်တွေ ဈေးနှုန်းအရမ်းမြင့်သွားတယ်။ ဒီလိုမြေကွက်တွေကို ပြည်တွင်းက လုပ်ငန်းရှင် တချို့ ကျောက်ဖြူအထိဆင်းလာပြီး ကွင်းဆင်းလေ့လာမှုတွေပြုလုပ်ပြီးမှ ဝယ်ယူကြတာတွေ့ရတယ်။ နှစ်လအတွင်းမှာ ဈေးနှုန်းနှစ်ဆလောက်ကို တက်သွားတာ။ အခုလိုဈေးတက်သွားတာတွေနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ ဈေးကွက်ထိန်းချုပ် တာတွေ မလုပ်ဘူးဆိုရင်တော့ စီမံကိန်း မစခင်အချိန်မှာ ဒီထက်မကဈေးတက်တာတွေဖြစ်လာနိုင်ပါတယ်"ဟု ပြောသည်။

ကျောက်ဖြူမြို့၏ အိမ်ခြံမြေဈေးနှုန်းများမှာလည်း ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ရွှေ သဘာဝဓာတ်ငွေ့စီမံကိန်းများ စတင်ချိန်များတွင် မြင့်တက်ခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ ဈေးနှုန်းမြင့် တက်လာသည်နှင့် ကျောက်ဖြူမြို့နယ်ရှိ အိမ်ခြံမြေအရောင်းအဝယ်လုပ်ငန်းများမှာလည်း ကောင်းမွန် လျက်ရှိကြောင်း ကျောက်ဖြူမြို့နယ်ရှိ ဒေသခံများမှ သိရသည်။

*Ref: Myanmar Business Today*

# "အောင်မြင်တဲ့ခေါင်းဆောင်တိုင်းလေ့လာသင်ယူမှုကို မရပ်တန့်ကြပါဘူး"

လုပ်ငန်းခွင်အတွေ့အကြုံတွေ (အလုပ်အတွေ့အကြုံ) များလာတာနဲ့အမျှ အရာအားလုံးကို သိခဲ့၊ နားလည်ခဲ့၊ လုပ်ခဲ့ဖူးခဲ့သလိုမျိုး ခံစားလာရမှာဖြစ်ပါတယ်။ အမေရိကန်အစိုးရဂန်ကြီးဌာနရဲ့ အတွင်းရေးမှူးဖြစ်တဲ့ Mr John W Gardner က သူရဲ့ ကျော်ကြားလှတဲ့ မိန့်ခွန်းတစ်ခုမှာ အောင်မြင်မှုတို့ကို စဉ်ဆက်မပြတ် လိုချင်တယ်ဆိုရင် လေ့လာသင်ယူမှုတွေကို အမြဲမပြတ် ပြုလုပ်နေသင့်တယ်လို့ ပြောဖူးတယ်။ သူ့ရဲ့ ဩဇာလွှမ်းမိုးမှုအရှိဆုံးမိန့်ခွန်းကို ၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက်က အရီဇိုးနားမှာရှိတဲ့ ကမ္ဘာလုံး ဆိုင်ရာ စီးပွားရေးအကြံပေးကုမ္ပဏီမှာ ပြောခဲ့ပါတယ်။

ဟားဗတ်ရဲ့ စီးပွားရေးပြန်လည်သုံးသပ်ချက်မှတ်တမ်းမှာ Fast Company Magazine ရဲ့ တွဲဖက် ဦးဆောင်သူဖြစ်တဲ့ Bill Taylor က Gardner ရဲ့ Personal Renewal လို့ နာမည်ရတဲ့မိန့်ခွန်းက အမေရိကန် စီးပွားရေးလောကသမိုင်းမှာတော့ ကမ္ဘာအနှံ့က စီးပွားရေးလုပ်ငန်းကုမ္ပဏီတွေရဲ့ အချင်း ချင်းလက်ကမ်းဖြန့်ဝေရာကနေ တဖြည်းဖြည်းနဲ့ အသံတိတ်ကျော်ကြားတဲ့ အအောင်မြင်ဆုံးမိန့်ခွန်းတစ်ခုဖြစ်တယ်လို့ ဆိုထားပါတယ်။ နောက်ပြီး Taylor က အောင်မြင်တဲ့ လုပ်ငန်းရှင်တွေဟာ အောင်မြင်မှု ကို အမြဲရလိုတယ်ဆိုရင် သက်ဆိုင်ရာလုပ်ငန်းတွေအလိုက် လေ့လာသင်ယူမှုတွေကို မရပ်ရဘူး (ဆက်လက်ပြုလုပ်နေရမယ်) ဆိုတဲ့ Mr Gardner ပြောခဲ့တဲ့ မိန့်ခွန်းတစ်ခုက သူ့အတွက် အကောင်းဆုံးသင်ခန်းစာဖြစ်တယ်လို့ ဆိုတယ်။

သင်ယူလေ့လာမှုတွေကို လူငယ်တွေကပဲ လုပ်ရမယ်လို့ လက်ခံတာဟာ မှားယွင်းတဲ့ အယူအဆတစ်ခုဖြစ်ပါတယ်။ သင်ယူမှုကို ဒီနေ့ရပ်လိုက်ရင် မနက်ဖြန်မှာ အကန်းဖြစ်သွားရောဆိုတဲ့ စကားပုံနဲ့ လေ့လာမှုတိုင်းဟာ ကိုယ့်အတွက်ကြီးပဲဆိုတဲ့ ဆိုရိုးစကားတွေ စကားပုံတွေ ရှိတယ်ဆိုတာ ကို သတိပြုပါ။ ကျွန်တော်ဆို အသက် ၇၀ ပြည့်မွေးနေ့ပွဲလုပ်ပြီးမှ နောက်ထပ် အလုပ်တစ်ခုဆက် လျှောက်ခဲ့သလို သင်ယူလေ့လာမှုတွေကိုလည်း ဆက်လက်လုပ်ဆောင်နေဆဲပါပဲလို့ Mr Gardner က McKinsey ကုမ္ပဏီကို ပြောခဲ့ပါတယ်။

Mr Gardner က ၂၀၀၂ ခုနှစ်မှာ ကွယ်လွန်ခဲ့ပေမယ့် သူ့ရဲ့သင်ကြားမှုတွေ၊ သူ့ရဲ့အဆို အမိန့်တွေကတော့ ဆက်လက်ရှင်သန်နေဆဲဖြစ်တာကြောင့် သူ့ရဲ့ သမိုင်းဝင်မိန့်ခွန်းတချို့ကို ကောက်နုတ်ဖော်ပြပေးလိုက်ပါတယ်။

### ၁။ စိတ်ဝင်စားဖို့ကောင်းတာတင် မဖြစ်စေနဲ့။ စိတ်ဝင်စားပါ။

မှန်းချက်တွေက ပန်းတိုင်မရောက်ခင်မှာ ပျက်ပြယ်သွားလေ့ (ပျောက်သွားလေ့) ရှိတယ်။ ဒါကြောင့် စိတ်ကူးယဉ်အိပ်မက်တွေ၊ စိတ်အားထက်သန်မှုတွေကို ထိန်းသိမ်းထားပြီး သေတဲ့အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားပါ။ စိတ်ဝင်စားပါ။ အောင်မြင်ဖို့အတွက် အရေးကြီးဆုံးက ကိုယ်လုပ်နေတာကို စိတ်ဝင်စားဖို့ဖြစ်တယ်ဆိုတာကို အမြဲဂရုပြုပါ။ သင်ယူလေ့လာမှုကို အမြဲမပြတ်ပြု လုပ်နေပါ။ စိတ်ကူးအသစ်၊ နည်းလမ်းအသစ်တွေကို ရှာဖွေပါ။ ဘာပဲလုပ်လုပ် ဂရုစိုက်ပါ။ စွန့်စားမှုတွေ ပြုလုပ်ပါ။ အောင်မြင်တဲ့အထိ ကြိုးစားပါ။

### ၂။ သင်ယူမှုကို မရပ်တန့်ပါနဲ့။

လေ့လာသင်ယူမှုတွေကို တစ်သက်တာလုံး ပြုလုပ်ပါ။ အမှားတွေကနေ သင်ခန်းစာယူပါ။ အောင် မြင်မှုတွေကိုလည်း နမူနာယူပါ။ ပြဿနာတစ်ခုခုကြုံတွေ့ရတိုင်းမှာ သင်ခန်းစာအသစ်တွေကို သင်ယူ နေရတယ်လို့ ခံယူပါ။ ပြဿနာတွေကို ဖြေရှင်းတာများလာရင် ကိုယ့်ရဲ့ စွမ်းဆောင်ရည်ကလည်း သိသိသာသာ တက်လာမှာပါ။

### ၃။ မကျရှုံးဖို့ သင်ယူပါ။

လူတိုင်းကျရှုံးဖူးကြပါတယ်။ အမှားနဲ့မကင်းပါဘူး။ မအောင်မြင်မှုတွေ ၊ ကျရှုံးမှု တွေနဲ့ကြုံတွေ့ရတဲ့အခါ စိတ်ပျက်အားငယ်ပြီး မနေဘဲ ရှေ့ကိုသာ ဆက်လျှောက်ပါ။ လူတော်တော်များများတော့ ရင်ဆိုင်နေရပါတယ်။ မကျရှုံးစေမယ့်နည်းလမ်းတွေကို လေ့လာပြီး ပြဿနာတွေကို စိန်ခေါ်ပါ။

### ၄။ ဘဝဆိုတာအဆုံးမရှိနိုင်ဘူး။

ဘဝမှာ ကိုယ်ဖြစ်ချင်တာတွေကိုဖြစ်အောင် လုပ်နိုင်ဖို့အတွက် အချိန်အတိုင်းအတာအရှည်ကြီးရှိပါတယ်။ မွေးရာပါ အရည်အချင်းတွေနဲ့ ဘဝရဲ့အခြေအနေအရပ်ရပ်မှာ မမျှော်လင့်ထားတဲ့အခြေအနေအမြောက်အများကိုလည်း ကြုံတွေ့ရပြီး ရင်ဆိုင်ဖြေရှင်းရနိုင်ပါတယ်။ အကောင်းဆုံးရင်ဆိုင်နိုင်ဖို့အတွက် လက်ရှိတတ်ထားပြီးသား၊ သင်ယူထားပြီးသားပညာရပ်တွေအပြင် တခြားသောသင်ယူလေ့လာမှုတွေကိုလည်း ဆက်လက်ပြုလုပ်သွားကြရမှာဖြစ်တယ်။

### ၅။ လူတွေက ကမ္ဘာကြီးကို ပြောင်းလဲနိုင်တယ်။

အမြဲတမ်းကိုယ်ဖြစ်ချင်တာတွေကြီးပဲ မဖြစ်နိုင်ဘူးဆိုတာကိုလူတိုင်းနားလည်သဘောပေါက်ကြပါတယ်။ ဒါပေမယ့် ကိုယ်တကယ်ဖြစ်ချင်တဲ့ ဖြစ်ချင်စိတ်တွေ၊ ယုံကြည်မှုတွေသာအမှန်တကယ် ပြင်းပြနေမယ်ဆိုရင် ကံတရား (ကမ္ဘာကြီး)ကို ပြောင်းလဲပစ်နိုင်တယ် ဆိုတာကိုလည်း ယုံကြည်ထားပါ။

*Ref: CEO Magazine*

# CENTRAL BANK OF MYANMAR

## Reference Exchange Rate 16-03-2016

| Country | Currency | Value | Rate |
|---|---|---|---|
| United State Dollar | USD | 1/-=K | 1,218.0 |
| Euro | EUR | 1/-=K | 1,352.8 |
| Singapore Dollar | SGD | 1/-=K | 882.16 |
| Pound Sterling | GBP | 1/-=K | 1,723.3 |
| Swiss Franc | CHF | 1/-=K | 1,234.1 |
| Japanese Yen | JPY | 100/-=K | 1,075.9 |
| Australian Dollar | AUD | 1/-=K | 909.12 |
| Bangladesh Taka | BDT | 1/-=K | 15.535 |
| Brazilian Real | BRL | 1/-=K | 338.15 |
| Brunei Dollar | BND | 1/-=K | 882.48 |



## Gold Price for Today

World Gold - 1233 USD/Oz

Myanmar Gold - 790,000 Kyats/Tical